**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)အား အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်သို့ မိတ်ဆက်ကျင့်သုံးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ထိရောက်ကောင်းမွန်သော အခွန်စီမံခန့်ခွဲမှု လုပ်ငန်းများကို ရိုးသားဖြောင့်မတ်စွာဖြင့် ဆောင်ရွက်သည့် နိုင်ငံတကာအသိအမှတ်ပြု ခေတ်မီအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်ရေးကိုမျှော်မှန်းချက်ထားရှိပါသည်။ အဆိုပါ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရေးအတွက် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများအား MSDP နှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ် (Official Assessment System – OAS) မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self Assessment System – SAS) သို့ ပြောင်းလဲ ကျင့်သုံးနိုင်ရေးသည် အရေးပါသော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။

၂။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပထမအဆင့်အနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို Pilot Project အဖြစ် စတင်တည်ထောင်ခဲ့ပြီး အခွန်ထမ်းကြီး (၅၀၀)ခန့်နှင့်အတူ SAS စနစ်ကို စတင်ကူးပြောင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါရှေ့ပြေးစီမံချက်၏ အောင်မြင်မှုအခြေအနေပေါ် အခြေခံ၍ ဒုတိယအဆင့်အနေဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အခွန်ထမ်း (၇၀၀)ကျော်နှင့်အတူ ဆက်လက်တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၃၁-၁-၂၀၂၀ နေ့အထိ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတွင် အခွန်ထမ်း ၉၄၆ ဦးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁) တွင် အခွန်ထမ်း ၁၈၄၇ ဦးထိ (SAS) စနစ် ကျင့်သုံးသည့် အခွန်ထမ်းအရေအတွက်ကို တိုးချဲ့နိုင်ခဲ့ပါသည်။ တတိယအဆင့်အနေဖြင့် **အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂) မှ စီမံခန့်ခွဲလျက်ရှိသော အခွန်ထမ်းများကိုလည်း ၁-၁၀-၂၀၂၀ ရက်နေ့မှ စတင်၍ အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ် (OAS) မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (SAS) သို့ မိတ်ဆက် ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း** အသိပေးကြေညာအပ်ပါသည်။

၃။ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်နှင့် စပ်လျဉ်း၍ အကျိုးကျေးဇူးများနှင့် လိုက်နာသိရှိရန်လိုအပ်ချက်များကို အခွန်ထမ်းများ သိရှိနိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဆက်သွယ်အသိပေးသွားမည် ဖြစ်ပါသည်။

၄။ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်သို့ ပြုပြင်ပြောင်းလဲသည့် စီမံချက်နှင့်စပ်လျဉ်း၍ မေးမြန်းရန်ရှိပါက ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် ၄၆၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပုံ (မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန